**အခွန်ဌာနမှထုတ်ပြန်သော လမ်းညွှန်ချက်**　　　ဂျပန်တွင်နေထိုင်သူများအားလုံးသို့

### ၁။ နေထိုင်ခွန်ဆိုသည်မှာ

ဂျပန်တွင်နေထိုင်ပြီး ရရှိသောဝင်ငွေမှာ ပုံသေသတ်မှတ်ထားသောငွေပမာဏအထက်ရရှိနေလျှင် ဂျပန်နိုင်ငံကို ပေးဆောင်ရမည့်ဝင်ငွေခွန်နှင့်အတူ၊ လက်ရှိနေထိုင်လျက်ရှိသော ဒေသဆိုင်ရာအစိုးရဌာနတွင် နေထိုင်ခွန် (တိုကျို ၂၃ ရပ်ကွက်တွင်နေထိုင်ပါက အထူးသီးသန့်ရပ်ကွက်နေထိုင်ခွန်၊ မြို့နေထိုင်ခွန်) များကိုပေးဆောင်ရမည်ဖြစ်ပါသည်။

### ၂။ တိုကျိုမရပ်ကွက် အထူးသီးသန့်ရပ်ကွက်နေထိုင်ခွန်၊ မြို့နေထိုင်ခွန်ပေးဆောင်ရမည့်သူ (အခွန်ပေးဆောင်ရန် တာဝန်ရှိသူ)

တိုကျိုမရပ်ကွက်တွင် အထူးသီးသန့်ရပ်ကွက်နေထိုင်ခွန်၊ မြို့နေထိုင်ခွန်ပေးဆောင်ရမည့်သူသည် ထိုနှစ်၏ ဇန်နဝါရီလ ၁ ရက်နေ့တွင် တိုကျိုမရပ်ကွက်၌နေထိုင်ခဲ့သောသူဖြစ်သည်၊ အခွန်ပေးဆောင်ပြီးနှစ်အတောအတွင်း တိုကျိုမရပ်ကွက်မှ ပြောင်းရွှေ့နေထိုင်ခဲ့လျှင်သော်လည်းကောင်း၊ ထိုသို့မဟုတ်ဘဲ ဂျပန်နိုင်ငံမှ အခြားနိုင်ငံသို့ ထွက်ခွာ နေထိုင်ခဲ့သောအခြေအနေတွင်သော်လည်းကောင်း တစ်နှစ်စာ အထူးသီးသန့်ရပ်ကွက်နေထိုင်ခွန်၊ မြို့နေထိုင်ခွန်ကို ပေးဆောင်ရန်လိုအပ်ပါသည်၊ ဂျပန်နိုင်ငံအတွင်း၌ နေရပ်လိပ်စာမတည်ရှိတော့သည့် သူများလည်း အခွန်ပေးဆောင်ခြင်းတာဝန်ကို ကျေပွန်ရန်အတွက် အခွန်ပေးဆောင်ရန်ဌာနမှ စီမံကြီးကြပ်သူထံသို့ သတ်မှတ်ထားသော လျှောက်လွှာတင်သွင်းခြင်းများပြုလုပ်ရန်နှင့် အခွန်ပေးဆောင်ရန် တာဝန်ရှိပါသည်။

### ၃။ မြို့နေထိုင်ခွန်၊ ရပ်ကွက်နေထိုင်ခွန်တွက်ချက်ခြင်းနှင့် အခွန်ပေးဆောင်ရန်နည်းလမ်း

အခွန်ပေးဆောင်ရမည့် ငွေပမာဏသည် ယခင်နှစ်၏ ဝင်ငွေပေါ်တွင်အခြေခံပြီး သတ်မှတ်ခြင်းဖြစ်ပါသည်။ အခွန်ပေးဆောင်ခဲ့ရသည့် အထူးသီးသန့်ရပ်ကွက်နေထိုင်ခွန်၊ မြို့နေထိုင်ခွန် ပေးဆောင်ရမည့် နည်းလမ်းတွင်မူ ရိုးရိုးအခွန်စည်းကြပ်ခြင်းနှင့် အထူးအခွန်စည်းကြပ်ခြင်းဟူ၍ရှိပါသည်၊ ရိုးရိုးအခွန် စည်းကြပ်ခြင်းဆိုသည်မှာ အခွန်ဆောင်ရမည့်သူကိုယ်တိုင် အခွန်ပေးဆောင်သည့်နည်းလမ်းဖြစ်ပြီး၊ တစ်နှစ်လျှင် ၄ ကြိမ် (ဥပဒေအရသတ်မှတ်ထားသည့်အခွန်ပေးဆောင်ရန် ကာလများမှာ ဇွန်လအကုန်၊ ဩဂုတ်လအကုန်၊ အောက်တိုဘာလအကုန်၊ လာမည့်နှစ်၏ ဇန်နဝါရီလအကုန်ဖြစ်ပြီး၊ ပေးဆောင်ရမည့်ရက်မှာ စနေ၊ တနင်္ဂနွေ၊ အမျိုးသားပိတ်ရက်များဖြစ်ပါက နောင်လာမည့်ရုံးဖွင့်ရက်) အခွန်ပေးဆောင်လွှာနှင့် ဘဏ်အကောင့်မှငွေလွှဲခြင်းဖြင့် အခွန်ပေးဆောင်ရသည့်နည်းလမ်းဖြစ်သည်။ အခွန်ပေးဆောင်လွှာ၏နောက်ကျောဘက်တွင်ရေးဖြည့်ထားသော ဘဏ္ဍာရေးအဖွဲ့အစည်းများ (ဘဏ်များ) နှင့် Convenience Store များတွင်လည်း အခွန်ပေးဆောင်နိုင်ပါသည်။ (ခြွင်းချက်အနေဖြင့် ငွေတန်ဖိုး ယန်း ၃ သိန်း အောက် အခွန်ပေးဆောင်လွှာကိုသာ ပေးဆောင်နိုင်သည်။)

တစ်ခြားနည်းလမ်းတစ်ခုဖြစ်သည့် အထူးအခွန်စည်းကြပ်ခြင်းဆိုသည်မှာ လစာမှ တိုက်ရိုက်ဖြတ်တောက် နုတ်ယူသည့်နည်းလမ်းဖြစ်ပြီး ထိုနှစ်၏ ဇွန်လမှ လာမည့်နှစ်၏ မေလအထိ လစဉ်လတိုင်း လစာမှ ဖြတ်တောက် နုတ်ယူခြင်းဖြစ်သည်။

### ၄။ အခွန်ပေးဆောင်သည့်ထောက်ခံချက်၊ အခွန်ကောက်ခံခြင်း (အခွန်ကောက်ခံမှုမရှိခြင်း) ထောက်ခံချက်

အထူးသီးသန့်ရပ်ကွက်နေထိုင်ခွန်၊ မြို့နေထိုင်ခွန်များ ပေးဆောင်သည့်ထောက်ခံချက်သည် ဝင်ငွေပမာဏ၊ အခွန်ငွေပမာဏ၊ ပေးဆောင်ရသည့်အခွန်ငွေပမာဏတို့ကို ဘဏ္ဍာရေးနှစ်တိုင်းတွင် ထောက်ခံချက်ပေးပါသည် (အခကြေးငွေဖြင့်) ။ သို့ရာတွင် အခွန်ကောက်ခံမှုမရှိလျှင် အခွန်ပေးဆောင်သည့်ထောက်ခံချက်ကို ထုတ်ပေးခြင်း မရှိပါ။ အခွန်ကောက်ခံခြင်း (အခွန်ကောက်ခံမှုမရှိခြင်း) ထောက်ခံချက်သည် ဝင်ငွေပမာဏ၊ အခွန်ငွေပမာဏကို ဘဏ္ဍာရေး နှစ်တိုင်းတွင် ထောက်ခံချက်ထုတ်ပေးပါသည် (အခကြေးငွေဖြင့်) ။ အခွန်ပေးဆောင်သည့်ထောက်ခံချက်သည် ဗီဇာ သက်တမ်းတိုးခြင်း စသည့်ကိစ္စရပ်များတွင် လိုအပ်မည်ဖြစ်ပါသည်။

### ၅။ အခွန်ပေးဆောင်ခြင်းမရှိသည့်အခြေအနေ (ပြစ်ဒဏ်ပေးခြင်း)

ဥပဒေအရသတ်မှတ်ထားသည့် အခွန်ပေးဆောင်ရမည့်ကာလအပိုင်းအခြားအတွင်းတွင် အခွန်ပေးဆောင်ခြင်း မရှိလျှင် သတ်မှတ်ထားသော အခွန်ပေးဆောင်ရန်နောက်ဆုံးရက်၏နောက်တစ်နေ့မှ အခွန်ပေးဆောင်ပြီးဆုံးသည့် နေ့အထိ အခွန်ဆောင်နောက်ကျကြေးပေးဆောင်ရမည်ဖြစ်ပါသည်။ ထို့အပြင် အခွန်ငွေတောင်းခံလွှာနှင့် သတိပေးအကြောင်းကြားစာ ပေးပို့ပေးမည်ဖြစ်ပြီး ထိုစာလွှာများကို လက်ခံရရှိသော်လည်း အခွန်ပေးဆောင်ခြင်း မရှိပါက အလုပ်လုပ်ကိုင်သော နေရာဌာနသို့လာရောက်၍ ပိုင်ဆိုင်မှုငွေစာရင်း၊ ဥစ္စာပစ္စည်းစသည်တို့ကို စစ်ဆေးပြီးနောက် လစာနှင့် ဘဏ်အပ်ငွေစသည်တို့ ချိတ်ပိတ်သိမ်းယူခြင်းခံရပါမည်။

### ၆။ အခွန်ပေးဆောင်ရန်အခက်အခဲကြုံတွေ့နေရသောအခြေအနေ

နေထိုင်စားသောက်မှုဘဝတွင် ဒုက္ခအခက်အခဲကြုံတွေ့နေရသောအခြေအနေ စသဖြင့် အခွန်ပေးဆောင်ရန် အခက်အခဲ ကြုံတွေ့နေရပါက အခွန်ငွေညှိနှိုင်းမှုဌာနမှ အုပ်စု (၁)၊ အုပ်စု (၂) တို့နှင့် ဆွေးနွေးညှိနှိုင်းပါ။

(ဆက်သွယ်မေးမြန်းရန်လိပ်စာ) အခွန်ဌာန　အခွန်ကောက်ခံခြင်းနှင့်ဆိုင်ရာအကြောင်းအရာ…၀၃-၄၅၆၆-၂၃၅၄ ၂၃၅၅
ထောက်ခံချက်နှင့်ပတ်သက်သည့်အကြောင်းအရာ…၀၃-၄၅၆၆-၂၃၅၂
အခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်သည့်အကြောင်းအရာ…၀၃-၄၅၆၆-၂၃၆၂